ဖောင်းလောင်ကျေးရွာ

ဥတ္တရသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖောင်းလောင်ကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဖောင်းလောင်ကျွးရွာ ကျွးရွာသယံဇာတပြခြေပုံ၊ ဥတ္တရသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ်အထိ(၅)နှစ် ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲ ရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ ဖွံ့ဖြိုး

ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖောင်းလောင်ကျေးရွာ
ဥတ္တရသီရိမြို့နယ်

ဖောင်းလောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဖောင်းလောင်ကျေးရွာသည်ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၊ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်အတွင်း မြောက်လတ္တီကျူ(၉၆)နှင့် အရှေ့လောင်ဂျီကျူ(၁၉) မင်းကုန်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ဘုန်းကြီးကျောင်း၊မြောက်ဘက်တွင်သဲကျွန်းရွာ၊ အရှေ့ဘက်တွင်မြို့ပတ်လမ်း၊ အနောက်ဘက်တွင် စာသင်ကျောင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ(၅၀)ဧကရှိပြီး စပါးကို အဓိကစိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လမ်းရာသီအလိုက် ဟင်းသီးဟင်းရွက်အပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၅ဦး) နှင့် လူမှုရေးအဖွဲ(ကျား၅ဦး)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ မီးကော်မတီအဖွဲ့တွင် ကျား(၁)ဦးသည် ကျေးရွာ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် အားတက်သရောဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ့တွင် မ(၃)ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တွင် မ(၃)ဦးတို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း **ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး။ ဖောင်းလောင်ကျေးရွာတွင် တောင်သူစိုက်ပျိုးရေးဧကမှ(၁၀၀) ဧကဖြစ်သည်။ ကျန်အိမ်ထောင် စုများမှာ လက်လုပ်လက်စားများဖြစ်ကြသည်။ အဓိက စိုက်ပျိုးသောသီးနှံမှာ နှမ်းနှင့် မြေပဲတို့ ဖြစ်ကြသည်။ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ပြီး စိုက်ပျိုးရေးလုံ လောက်မှုနည်းပါသည်။ အခြားသီးနှံများဖြစ်သည့် မတ်ပဲ၊ နှမ်းနှင့် မြေပဲသီးနှံများ၏အထွက်နှုန်း မှာလည်း ရာသီအလိုက်ပြောင်းလဲလျက်ရှိသည်။ ကျေးရွာအတွင်းရှိလက်သမားများတွင် မည်သည့်ပစ္စည်းကိုမျှ ပိုင်ဆိုင်မှုမရှိပါ။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေအောဇာနှင့် သွင်းအားစုခါတု ပိုးသတ်ဆေး၊ ခါတ်မြေအောဇာနှင့် အခြားခါတုဗေဒသွင်းအားစုများသီးနှံမျိုးစေ့များကိုလည်း ဘုရားကုန်းစေျးနှင့်မဝေးသဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစေျးကွက်နှင့်ဝန်ဆောင်မှုများတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချပေးပါသည်။မိုးစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေးမလုံလောက်ခြင်းနှင့် စပါးဖျက်ပိုးအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်သာရှိသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများလာရောက်ဝေမျှသော်လည်း လိုက်နာနိုင်မှုအားနည်းသဖြင့် လယ်မြေများတွင် အထွက်နှုန်းနည်းပါသည်။ နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ပါက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များအား ရရှိနိုင်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှာ ကြက်၊ ဝက်၊ ကျွဲနှင့် နွားတို့ဖြစ်ကြသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိ သဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ။** ဖောင်းလောင်ကျေးရွာသည် ဘုရားကုန်းစေျးနှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင်စေျးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ အခြားလုပ်ကိုင်သည့် လုပ်ငန်းများမှာ အလှပြင် ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းများဖြစ်ပါသည်။ ဆိုင်ကယ်မောင်းရှ ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်သူအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတစ်ပိုင်တစ်နိုင်စေျးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားသက်မွေးမှုအနေဖြင့် နည်းပညာများ မရှိသည့်အတွက် လုပ်ကိုင်နိုင်သည့်အခွင့်အလမ်း နည်းပါးလျက် ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု။ လယ်သမား များသည် စိုက်ပျိုးစရိတ် ချေးငွေ များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ကောလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကောအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူ များထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး။ ဆိုင်ကယ်ကယ်ရီ မောင်းခြင်းလုပ်ငန်း များကို လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၉) စီး၊ မော်တော်ဆိုင်ကယ်(၃၅) စီး၊ နွားလှည်း(၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျေးရွာတွင်း လမ်းမှာ မိုးရာသီကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီးရွံ့ဗွက် များဖြစ်ကာ ချိုင့်ခွက်များဖြစ်ပေါ်ပြီး သွားလာရေးအဆင်မပြေမှုများရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၃၃)စုရှိပြီးဆိုလာ စနစ်နှင့်မီးသုံးစွဲသော အိမ်ထောင်စုအနည်းငယ်ရှိပြီး အသုံးမပြုနိုင်သောအိမ် ထောင်စုမှာ(၅၁)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်များကို ဖုန်း (၇၄) လုံး၊ တီဗွီ (၁၈) လုံး ရှိပါသည်။

၆။ ပညာရေး

ဖောင်းလောင်ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ အထက်တန်းကျောင်းသား များအနေဖြင့် မင်းကုန်းအထက်တန်းကျောင်းတွင် သွားရောက်၍ ပညာသင်ကြားရပါသည်။ ကျေးရွာရှိမိဘများအနေဖြင့် ဆင်းရဲသော်လည်း ကလေးငယ်များ၏ ပညာရေးအားအလေး ထားကြောင်း တွေ့ရှိရသည်။ မူလတန်းအဆင့် တတ်မြောက်သည့်ဦးရေမှာ (၁၆၁)ဦးရှိပြီး၊ အလယ်တန်းအဆင့် တတ်မြောက်သူဦးရေမှာ(၄၆)ဦးနှင့် အထက်တန်းအဆင့် တတ်မြောက်

သူဦးရေမှာ(၉)ဦးရှိပါသည်။ ကျေးရွာတွင် အနည်းဆုံးမူလတန်းအဆင့် စာတတ်မြောက်သူ လူဦးရေများပြားခြင်းကြောင့် ကျေးရွာသည် ပညာရေးတွင် စိတ်ဝင်စားခြင်းနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအားအရင်းအဖြစ်ကောင်းများ မွေးထုတ်ပေးလျှက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ကျေးရွာတွင် ဝမ်းပျက်ရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါများသည် မိုးရာသီတွင်အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသသဖြင့် သက်သာပျောက်ကင်းပါသည်။

သုံးရေအတွက် ကျေးရွာရှိ ရေတွင်းများ၊ လက်နှိပ်တုံကင်များနှင့် စက်ရေတွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံးအတွက် ရေလုံလောက်မှုရှိပါသည်။ ရေအရည်အသွေးမှာလည်း အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် လူငယ်များအနေဖင့် ပျက်စီးနိုင်သောနေရာများ အလွယ်တကူရှိသော်လည်း ထိခိုက်မှုမှာ နည်းပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် လက်လုပ်လက်စား ကျဘမ်းသများများ လုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်သာရှိသဖြင့် ၄င်းအိမ်ထောထင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက်ပို၍ ထိခိုက်လွယ်ပါသည်။ ကားမောင်း၍ အသက်မွေးကြသည့်အိမ်ထောင်စုများသည် အသက်အန္တရာယ်ထိခိုက်မှု နိမ့်ကျပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေမရရှိဘဲ စပါးများပျက်စီးမှုများသဖြင့် အချိန်ကုန်ငွေကုန်ပြီး စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်များပြားပြီးစားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့ပါးသွားပါသည်။ မီးဘေးအန္တရာယ်စိုးရိမ်ရပြီး သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိသည်။ ရာသီကူးပြောင်းချိန်များတွင် ခွာနာလျှာနာတိရစ္ဆာန်ရောဂါဖြစ်လေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာ အသိပညာများ အားနည်းသဖြင့် အသိပညာပေးဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မင်းကုန်း			ကျေးရွာအမည် – ဖောင်းလောင်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦး	ကျေးလက် လမ်းတံတား	ရိုစာလမ်းခင်းခြင်း	
၂	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ရေနှုတ်မြောင်းတည်ဆောက်ခြင်း	
၃	အခြေခံအဆောက်အဦး	ကျေးလက် လမ်းတံတား	ကျန်ရှာတွင်းလမ်းအားလုံးရိစာလမ်းခင်းခြင်း	
၄	အခြေခံအဆောက်အဦး	အခြားအခြေခံအဆောက်အဦး	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
၅	အခြေခံအဆောက်အဦး	ကျေးလက် ရေပေးရေး	စင်မြင့်ရေစင်၊အိမ်သွယ်ရေတိုင်စနစ်	
၆	အခြေခံအဆောက်အဦး	ကျေးလက် လမ်းတံတား	ရွာဝင်လမ်းမကြီးကွန်ကရစ်လမ်းခင်းခြင်း	

ဖောင်းလောင်ကျေးရွာတွင်နှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁။	ရိစာလမ်းခင်းခြင်း	✓				
၂။	ရေနှုတ်မြောင်းတည်ဆောက်ခြင်း		✓			
၃။	ကျန်ရှာတွင်းလမ်းအားလုံးရိစာလမ်းခင်းခြင်း			✓		
၄။	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း				✓	
၅။	စင်မြင့်ရေစင်၊အိမ်သွယ်ရေတိုင်စနစ်					✓
၆။	ရွာဝင်လမ်းမကြီးကွန်ကရစ်လမ်းခင်းခြင်း					✓

ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မင်းကုန်းကျေးရွာအုပ်စု၊ဖောင်းလောင်ကျေးရွာကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း

ရက်စွဲ၊ ၂၂.၆.၂၀၂၂

စဉ်	ကျေးရွာ	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	ရာထူး	ဖုန်းနံပါတ်	မှတ်ချက်
၁	ဖောင်းလောင်	ဦးစိုးမိုး	ဦးထွန်းကြွယ်	၉/တကန(နိုင်)၁၉၈၂၅၉	ဥက္ကဋ္ဌ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ	၀၉-၇၈၁၄၀၂၈၀၀	
၂	ဖောင်းလောင်	ဒေါ်လဲ့လဲ့မူ	ဦးညွန့်မောင်	၉/ပမန(နိုင်)၀၉၃၇၇၉	ဥက္ကဋ္ဌ၊ ဝယ်ယူရေးဆပ်ကော်မတီ	၀၉-၄၄၂၄၄၈၀၄၇	
၃	ဖောင်းလောင်	ဦးကိုအေး	ဦးမြတ်အောင်	၉/ပမန(နိုင်)၁၃၇၃၅၇	စာရင်းကိုင်	-	
၄	ဖောင်းလောင်	ဒေါ်ခင်ဌေး	ဦးကျော်လေး	၉/ပမန(နိုင်)၁၈၇၇၆၆	ဘဏ္ဍာရေးမှူး	၀၉-၆၉၄၆၇၁၅၃၂	
၅	ဖောင်းလောင်	ဦးသိန်းထွန်း	ဦးကျော်အေး	၉/ပမန(နိုင်)၁၈၇၆၄၀	အတွင်းရေးမှူး	၀၉-၄၂၁၉၀၂၃၃၂	
၆	ဖောင်းလောင်	ဦးမောင်ဝင်း	ဦးကျော်ဒင်	၉/ပမန(နိုင်)၁၈၇၆၁၆	အဖွဲ့ဝင်	၀၉-၆၆၇၉၃၀၈၁၃	
၇	ဖောင်းလောင်	ဦးညွန့်ဝင်း	ဦးလူပိန်	၉/ပမန(နိုင်)၁၀၇၆၄၃	အဖွဲ့ဝင်	၀၉-၈၈၁၇၇၁၈၇၂	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၇	၅	၂၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၁၁	၂၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၅	၂၁	၄၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀	၁၂၀	၂၄၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁	၄	၅
စုစုပေါင်း		၁၈၂	၁၅၈	၃၄၀
စုစုပေါင်း အိမ်ထောင်စု		၈၄		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၈၄) စု၊ ကျား (၁၈၂)၊ မလူဦးရေ(၁၅၈)ဦးဖြင့် လူဦးရေပေါင်း (၃၄၀)ဦး ရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျှမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ၏(၆၀)ရာနှုန်းခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည့် အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသားနှင့်အမျိုးသမီးဦးရေသည်ပျှမ်းမျှအားဖြင့်ညီပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	-	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၈၀	၈၀	-	မြင့် □ လတ်✓ နိမ့် □
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်✓ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ် နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ် နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ် နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း		–	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား		–	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၈၄	၈၄	–	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဖောင်းလောင်ကျေးရွာသည် ဘုရားကုန်းဈေးနှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင်ဈေးများဖွင့်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ အလှပြင်ဆိုင်၊ ကားဝပ်ရှော၊ စားသောက်ဆိုင်လုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကား၊ ဆိုင်ကယ်၊

ထော်လာဂျီမောင်း အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှုနည်း ပညာများတတ်မြောက်သည့်အိမ်ထောင်စုနည်းသဖြင့်အလုပ်အကိုင်အခွင့်အလမ်းများနည်းသောကြောင့် စီးပွားဖြစ်ထွန်းအောင်လုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း စားနိုင်ရုံမျှသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၈	ကောင်း ☐	သင့် ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၂	ကောင်း ☐	သင့်	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ✓	ညံ့ ☐
စုစုပေါင်း	၁၀၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လယ် (၅၈) ဧကရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်✓ နည်း မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	နည်း	အသင့်အတင့်	များ	အလွန်နည်း(သို့)
အိမ်အခြေအနေ	အသင့်အတင့်	နည်း	များ	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	နည်း	နည်း	နည်း	အလွန်နည်း
အဓိကစီးပွားရေး လုပ်ငန်း	အသင့်အတင့်	နည်း	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၁၆	၅၀	၁၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၇)ရာခိုင်နှုန်း၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၉)ရာခိုင်နှုန်း၊ မပြေလည်သောအိမ်ထောင်စု(၅၉)ရာခိုင်နှုန်း နှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၅)ရာခိုင်နှုန်းတို့ဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများတတ်မြောက်မှုနည်းပါးခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် စေျးဆိုင်လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၈-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စ ရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်	မရှိ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေမရှိပဲ စပါးမားပျက်စီးသဖြင့် အချိန်ကုန် ငွေကုန်သဖြင့် စိုက်ပျိုးရေအတွက် ကုန်ကျစရိတ်များပြား ပြီးစားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ မိုးတွင်းအခါတွင် ရေလျှံမှုကြောင့် ရွာအတွင်း သို့ဝင်၍ ရေကြီးခြင်းကို တစ်ခါတစ်ရံခံစားရပါသည်။ မီးဘေးအန္တရာယ်အနေဖြင့် စိုးရိမ်ရပြီး သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ခွာနာလျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ✓	လတ်	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့် မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် လတ် □ နိမ့်□ မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်✓ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များအနေဖြင့် ပျက်စီးစေနိုင်သောအရာများ အလွယ်တကူရရှိနိုင်သော်လည်းထိခိုက်လွယ်မှုမှာနိမ့်ပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့်လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါ သည်။ ကားမောင်း၍ အသက်မွေးမှုပြုကြသည့် အိမ်ထောင်စုများသည် အသက်အန္တရာယ် ထိခိုက်လွယ်မှု နိမ့်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုရေး	၁□ ၂✓ ၃□	၅	–	၅	ပညာရေး ငွေကြေး □ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် □ ညံ့ □
၂	ဘာသာ ရေးအသင်း	၁□ ၂✓ ၃□	၅	-	၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း □ သင့် ✓ ညံ့ □
၃	မီးကော်မတီ	၁□ ၂✓ ၃□	၁	-	၁	ပညာရေး ✓ ငွေကြေး □ ကျန်းမာရေး ✓ ဘာသာရေး စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း □ သင့် ✓ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	VDP ကော်မတီ	၁☐ ၂✓ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	အမျိုးသမီး ရေးရာဖွဲ့	၁☐ ၂✓ ၃☐		၅	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဖောင်းလောင်ကျေးရွာတွင် အဖွဲ့(၅)ဖွဲ့ ဖွဲ့စည်းထားလျှက်ရှိကြောင်း တွေ့ရှိရ ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စိုက်ပျိုးရေး၊ ပရဟိတအဖွဲ့	၁☐ ၂☐ ၃☐ ၄☐ ၅✓ ၆☐ ၇☐	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၂	E.P.C and EASY	၁☐ ၂☐ ၃☐ ၄☐ ၅✓ ၆☐ ၇☐	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၆	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၈၄	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့သူ(၆၄)အိမ်ထောင်စုရှိပြီး အများစုမှာ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ □

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□	
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	၂၈	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဆည်မြောင်းများမရှိပါ။ စိုက်ပျိုးရေမိုးရေကိုသာ အဓိကထား စိုက်ပျိုးနေရပါသည်။ သောက်သုံးရေနေဖြင့် အဝီစိတွင်း(၂၈)တွင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
		ဂွန်	နိုဝင်ဘာ					မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
		ဂွန်	ဒီဇင်ဘာ					မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
နှမ်း	၂၄	တင်း	၁၀	၂၅	၇	အောက်တိုလာ	ဧန်နဝါရီ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် နှမ်းကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာ

ဖြစ်ပါသည်။ စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၅၅) တင်းခန့်သာ ထွက်ရှိပါသည်။ သီးနှံအထွက်နှုန်းနှင့် သီးနှံပိုးမွှားများ ကျရောက်ခြင်းနှင့် စေ့ျးကွက် မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	–	–	–	–
လက်တွန်းထွန်စက်	–	–	–	–
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	–
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	–	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	––	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လှေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာနည်းပါး ကြပြီး ငှားရမ်းအသုံးပြုနေသည့် အိမ်ထောင်စုများ ရှိကြပါသည်။ လူဖြင့်ရိတ်သိမ်းကြပြီး နွားများ ဖြင့် စပါးခြွေကာ သဘာဝလေများဖြင့် စပါးလှေ့သည့် စိုက်ပျိုရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင် စုများလည်း ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း သင့်တင့်မျှတ✓ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ✓ မဖြေဆိုပါ□
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □ အသင့်အတင့်ရှိ✓ မဖြေဆိုပါ□
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □ ရသည် ✓ မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓ မဖြေဆိုပါ □

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✓ မဖြေဆိုပါ
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□ မဖြေဆိုပါ ✓
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် သီးနှံများကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသော်လည်း စိုက်ပျိုးရေးလုံလောက်စွာမရရှိပါ။ ဘုရားကုန်းစေ်ျးနှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးမြေအော ဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကိုလည်း ကုန်သည်ပွဲစားများနှင့် ဘုရားကုန်းစေ်ျးတွင် ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်တွင်ပုံစံ(၇)ဖြင့် ချေးယူနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✓ လယ်ယာမြေဆုံးရှုံးမှုများသည် □ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □ ပလပ်မြေများရှိသည် □ ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် □ လုံးဝမရ □ မဖြေဆိုပါ ✓

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ✓
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✓ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှာအိမ်ထောင်စုအနေဖြင့်(၃)စုရှိပြီး မြေယာတိုးချဲ့နိုင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ–၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၄	၄၈
နို့စားနွား		
ကျွဲ	၆၄	၆၄
မြင်း		
မြည်း		
လား		
ဆိတ်	၁၂	၄၈
သိုး		
ဝက်	၅၀	၆၂
ကြက်	၁၀၀	၃၃၃
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကြက်၊ ကျွဲ၊ နွား၊ ဝက် မွေးမြူရေး တို့အား မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းကို စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင် ကြကြောင်း တွေ့ရှိရပြီး ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါမှာ ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်အများဆုံးနှင့် သေဆုံးမှုပျက်စီးမှုများအထိရှိကြောင်း တွေ့ရှိရပါသည်။ ဝက်မွေးမြူရာတွင် အများစုမှာ ဒေသဝက်များကိုသာ မွေးမြူကြပြီး အကျိုးအမြတ်မှာ အသင့်အတင့်သာရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ
ရေရရှိမှု	အလုံအလောက်ရနိုင်✓ အသင့်အတင့်ရနိုင် မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်✓ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✓
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✓
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✓
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✓
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✓
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✓
